( ၁ )

# “ Shacman Dump Truck အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်”

## Brand New Shacman Dump Truck H3000S (1)Unit

## (SO NO. BTR-UNT-SO-23090004)

## ( Car No. 4S/6550 )

## (Contract No- WL-MS-750/2023 )

၂၀၂၃ ခုနှစ်၊အောက်တိုဘာလ(၃)ရက်နေ့တွင် ရန်ကုန်မြို့၌အောက်အမည်ပါသူတို့က Brand New Shacman Dump Truck H3000S (1)Unit–Shacman Dump Truck အရောင်းအဝယ်သဘောတူစာချုပ်ကိုပြုလုပ်ချုပ်ဆို ကြသည်မှာ–

Shacman Dump Truck ရောင်းချသူ ။ ။ ဦးမျိုးသန့်ဇင်ဦး (မှတ်ပုံတင်အမှတ် — ၁၀/မဒန(နိုင်)၁၃၇၀၇၄)
**(for and on the behalf of Win Progress Co., Ltd.)**
အမှတ် ( ၁/၃ )၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

Shacman Dump Truck ဝယ်ယူသူ ။ ။ ဒေါ်သန်းသန်းဆွေ (ဘ) ဦးမျိုးဆွေ
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁/ကမန(နိုင်)၀၂၆၆၉၄
လိပ်စာ– ၁၁၁/စီ× ၅၄လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ်–၀၉–၂၅၉၅၉၀၀၉၇။

Shacman Dump Truck ရောင်းချသူနှင့် Shacman Dump Truck ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

**၁။** Shacman Dump Truck ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Brand New Shacman Dump Truck H3000S(1)Unit အတွက် တန်ဖိုးငွေ USD-56,000/- (USD- Fifty Six Thousand Only) ကို Landed Mandalay နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် Shacman Dump Truck ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ Shacman Dump Truck ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများ အတိုင်းလိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

**၂။** ဤစာချုပ်ပါ “ Shacman Dump Truck ”ဟူသော စကားရပ်တွင် လက်ငင်းရောင်းချသည့် မူလ Shacman Dump Truck နှင့် စက်အပိုပစ္စည်းများ၊ Shacman Dump Truck ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် Shacman Dump Truck ဝယ်ယူသူမှ မိမိသဘောအလျောက် ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် စက်ယန္တရားနှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

**၃။** Shacman Dump Truck ရောင်းချသူက မိမိရောင်းချသော Brand New Shacman Dump Truck H3000S (1)Unit – သည် အသစ်ဖြစ်ကြောင်းနှင့် ယင်း Shacman Dump Truck အား (၂)နှစ် (သို့မဟုတ်) Unlimited Kilo စေ့ရောက် အသုံးပြုပြီးသည်အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ နှစ်နှစ် ပြည့်မြောက်သောနေ့ ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

စာမျက်နှာ(၂)သို့

၄။ Shacman Dump Truck ဝယ်ယူသူသည် မိမိဝယ်ယူသည့် Shacman Dump Truck ကိုလက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့် အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး လက်ခံရမည်။ အကယ်၍ ဝယ်ယူသည့် Shacman Dump Truck တွင် ချွတ်ယွင်းချက်တွေ့ရှိပါက ပြင်ဆင်ရေးဌာန (Service Center) သို့ Shacman Dump Truck လက်ခံရယူစဉ်ကတည်းက အကြောင်းကြားခေါ်ယူရမည်။ ဤကဲ့သို့လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ Shacman Dump Truck ကိုလက်ခံရယူခဲ့ပါက လက်ခံရယူသည့် Shacman Dump Truck သည် မူလအကောင်းပကတိအခြေအနေဖြင့် ဝယ်ယူသူထံသို့ လက်ရောက်ပေးအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅။ အာမခံသည့်ကာလအတွင်း Shacman Dump Truck ဝယ်ယူသူ (သို့မဟုတ်)ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း(Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက Shacman Dump Truck ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း Shacman Dump Truck ပြင်ဆင်ရန် အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့် Shacman Dump Truck ၏တည်ရှိရာနေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်း ဖြစ်လျှင် ကုမ္ပဏီအလုပ်သမားများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။ ၎င်း Shacman Dump Truck သည် ကုမ္ပဏီတည်ရှိရာ နေရာမှ မိုင်(၄၀)ထက်ကျော်လွန်နေပါက ပြင်ဆင်ပေးမည့် အလုပ်သမားများ၏ ခရီးသွားလာသည့်စရိတ်၊ နေထိုင်သည့်စရိတ်၊ စားစရိတ်တို့အပြင် ထိုဝန်ထမ်း၏ ကျန်းမာရေးအတွက်ပါ ဝယ်ယူသူဘက်မှ သင့်တင့်သည့် အခကြေးငွေနှင့် လိုအပ်သည့်စောင့်ရှောက်မှုများကို ကျခံတာဝန်ယူရမည်ဖြစ်ကြောင်း သိရှိသဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၇။ Shacman Dump Truck ဝယ်ယူသူသည် Brand New Shacman Dump Truck H3000S(1)Unit အတွက် တန်ဖိုးငွေ USD-56,000/- (USD- Fifty Six Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် (၆-၉-၂၀၂၃) ရက်နေ့တွင် (RV No. HQT-RV-2023-09-0151)၊ (၂၁-၉-၂၀၂၃) ရက်နေ့တွင် (RV No. MDY-RV-2023-09-0087 / MDY-RV-2023-09-0086) တို့ဖြင့် ရောင်းချသူ၏ ရန်ကုန်ရုံး သို့ပေးချေရာ လက်ခံရရှိပြီး ဖြစ်ပါသည်။

(FOC. One Time PM Service (Engin Oil Filters & Fuel Filters))

<u>ရောင်းချသူ၏တာဝန်များ</u>

၈။ Shacman Dump Truck ရောင်းချသူသည် Shacman Dump Truck ဝယ်ယူသူထံသို့ Shacman Dump Truck ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ကုမ္ပဏီ၏ပစ္စည်းထုတ်ပြေစာနှင့်တကွ Shacman Dump Truck နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူ တစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ Shacman Dump Truck ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၉။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

စာမျက်နှာ(၃)သို့

**၁၀။** ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Win Progress Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် Shacman Dump Truck ဝယ်ယူသူတို့ နှစ်ဖက်ညှိနှိုင်း ဆွေးနွေးရန် သဘောတူပါသည်။

**၁၁။** ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို ရောင်းချသူနှင့်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက် အကြေအလည် ဆွေးနွေးပြီးနောက်ကိုယ်တိုင် ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦး တစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာ အသုံးပြုခြင်း စသည်တို့ လုံးဝကင်းရှင်းလျှက်မိမိတို့၏ လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| Shacman Dump Truck ရောင်းချသူ | Shacman Dump Truck ဝယ်ယူသူ |
|---|---|
| ဦးမျိုးသန့်ဇင်ဦး (၁၀/မဒန(နိုင်)၁၃၇၀၇၄) | ဒေါ်သန်းသန်းဆွေ (၁/ကမန(နိုင်)၀၂၆၆၉၄) |
| **(for and on the behalf of Win Progress Co., Ltd.)** | |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – ---------------- |
| အမည် | – ဇေသူရိန်လတ် | အမည် | – ---------------- |
| နငသအမှတ် | – ၇/ကဝန(နိုင်)၁၃၀၉၉၇ | နငသအမှတ် | – ---------------- |
| နေရပ် | – အမှတ် (၁/၃)၊ ရန်ကုန်စက်မှုဇုန် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ | နေရပ် | – ---------------- |

လက်မှတ် –
အမည် – အိသဥ္ဇာဖြိုး
နငသအမှတ် – ၁၂/အစန(နိုင်)၂၀၂၇၆၇
နေရပ် – အမှတ် (၁/၃)၊ ရန်ကုန်စက်မှုဇုန်
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။